# နိဗ္ဗာနဂါမိနိပဋိပဒါ

# နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ် (အကျဉ်းချုပ်)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## နိဒါနကထာ

**ဇိနသာသနံ စိရံ တိဋ္ဌတု။**

မြတ်စွာဘုရားရှင်၏ အဆုံးအမ သာသနာတော်သည် အဓွန့်ရှည်စွာ တည်ပါစေသောဝ်။

ဖားအောက်တောရတွင် တရားဘာဝနာကို ပွားများ အားထုတ်ကြ-ကုန်သော ယောဂီသူတော်စင်တို့၏ လျှောက်ထား တောင်းပန်ချက် အရ **နိဗ္ဗာနဂါမိနိပဋိပဒါ** အမည်ရသော ဤကျမ်းစာ အကျဉ်းချုပ်ကို ရေးသား တင်ပြအပ်ပါသည်။ ဖားအောက်တောရတွင် တရားဘာဝနာကို ပွားများအား ထုတ်ကြကုန်သော သူတော်ကောင်းတို့အတွက် တရားအားထုတ်ရင်း ကျက်-မှတ်ရန် ရည်သန်၍ ကျမ်းစာအကျဉ်းများကို ရေးသားပေးခဲ့၏။ ကျဉ်းလွန်း သဖြင့် နားမလည်ခြင်း, ကျမ်းဂန်အထောက်အထား ခိုင်ခိုင်လုံလုံ သိရှိလိုခြင်း

စသည့်အချက်များကို အကြောင်းပြုလျက် အနည်းငယ် ချဲ့ထွင်၍ ရေးသား ပေးပါရန် လျှောက်ထား တောင်းပန်ကြသဖြင့် ဤကျမ်းစာကို ရေးသား ပေးခြင်း ဖြစ်သည်။ ဤကျမ်းစာ၌ . .

၁။ သမထကမ္မဋ္ဌာန်းပိုင်း
၂။ ရုပ်ကမ္မဋ္ဌာန်းပိုင်း
၃။ နာမ်ကမ္မဋ္ဌာန်းပိုင်း
၄။ ပဋိစ္စသမုပ္ပါဒ်ပိုင်း
၅။ လက္ခဏာဒိစတုက္ကပိုင်း
၆။ ဝိပဿနာကမ္မဋ္ဌာန်းပိုင်း —

ဤသို့လျှင် အပိုင်း (၆)ပိုင်း ခွဲ၍ ရေးသားတင်ပြထားပါသည်။

**သမထကမ္မဋ္ဌာန်းပိုင်း**တွင် . .

(က) သမထကမ္မဋ္ဌာန်းပိုင်း (က)
(ခ) သမထကမ္မဋ္ဌာန်းပိုင်း (ခ) — ဟု

ဤသို့လျှင် အပိုင်း(၂)ပိုင်း ခွဲ၍ တင်ပြထား၏။

**ပဋိစ္စသမုပ္ပါဒ်ပိုင်း**တွင် . .

(က) ပဋိစ္စသမုပ္ပါဒ်ပိုင်း (က)
(ခ) ပဋိစ္စသမုပ္ပါဒ်ပိုင်း (ခ)
(ဂ) ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံအပိုင်း — ဟု

ဤသို့လျှင် အပိုင်း (၃)ပိုင်း ခွဲ၍ ရေးသားတင်ပြထား၏။ ထိုကြောင့် အားလုံးပေါင်းသော် အပိုင်း (၆)ပိုင်း၊ အတွဲ (၉)တွဲ ဖြစ်သည်။

ဤသမထပိုင်း၌ကား —

၁။ အာနာပါနကမ္မဋ္ဌာန်း

၂။ ပဋိက္ကူလမနသိကာရ အရိုးစုကမ္မဋ္ဌာန်း
၃။ ကသိုဏ်း (၁၀)ပါး သမာပတ် (၈)ပါး
၄။ ဗြဟ္မစိုရ်တရား (၄)ပါး
၅။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း
၆။ အသုဘကမ္မဋ္ဌာန်း
၇။ မရဏာနုဿတိကမ္မဋ္ဌာန်း

ဤကမ္မဋ္ဌာန်းများ ပါဝင်ကြပေသည်။ ယင်းကမ္မဋ္ဌာန်းအားလုံးကို **သမထကမ္မဋ္ဌာန်းပိုင်း**ဟူသော အမည်ဖြင့် ရေးသားတင်ပြထားပါသည်။

သူတော်ကောင်းအပေါင်းတို့သည် ကျင့်ကြံကြိုးကုတ်
ပွားများအားထုတ်နိုင်ကြပါစေသောဝ် . . .။

ဖားအောက်တောရဆရာတော်
စိတ္တလတောင်ကျောင်း
ဖားအောက်တောရ

သာသနာတော်သက္ကရာဇ် - ၂၅၄၉ - ခု၊
ကောဇာသက္ကရာဇ် - ၁၃၆၇ - ခု၊ တော်သလင်းလပြည့်နေ့